ကာကွယ်ဆေးဆိုင်ရာ အချက်အလက် ထုတ်ပြန်ကြေညာချက်

တီဒပ် ကာကွယ်ဆေး

သင်သိရှိထားရမည့်အရာများ

(မေးခိုင်ရောဂါ၊ ဆုံဆို့နာနှင့် ကြက်ညာချောင်းဆိုး ရောဂါ)

ကာကွယ်ဆေးဆိုင်ရာ သတင်းအချက်အလက် ထုတ်ပြန်ကြေညာချက်များကို စပိန်နှင့် အခြား ဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည်၊ www.immunize.org/vis တွင်ဖတ်ရှုပါ၊

Hojas de Información Sobre Vacunas están disponibles en Español y en muchos otros idiomas. Visite http://www.immunize.org/vis

1 မည်သည့်အတွက်ကြောင့် ကာကွယ်ဆေးထိုးရမည်နည်း။

မေးခိုင်ရောဂါ၊ ဆုံဆို့နာ နှင့် **ကြက်ညာချောင်းဆိုး ရောဂါများသည်** ဆယ်ကျော်သက်နှင့် အရွယ်ရောက်သူများ အတွက်ပင် အလွန်ကြီးလေးသည့် ရောဂါများ ဖြစ်နိုင်ပါသည်။ တီဒပ်ကာကွယ်ဆေးသည် ကျွန်ုပ်တို့အား ဤရောဂါများမှ ကာကွယ်ပေးနိုင်ပါသည်။

မေးခိုင်ရောဂါသည် သာမန်အားဖြင့် တစ်ကိုယ်လုံးတွင် ကြွက်သား တင်းမာ တောင့်တင်းနေပြီး နာကျင်စေလေ့ရှိပါသည်။

- ဦးခေါင်းနှင့် လည်ပင်းရှိ ကြွက်သားများ တင်းမာစေခြင်းကြောင့် သင်ပါးစပ်မဟနိုင်ခြင်း၊ အစာမမြိုနိုင်ခြင်း သို့မဟုတ် တစ်ခါတစ်ရံ အသက်ပင်မရှူနိုင်ခြင်းများ ဖြစ်စေနိုင်ပါသည်။ မေးခိုင်ရောဂါကြောင့် ရောဂါရှိသူ (၅) ဦးအနက် တစ်ဦး အသက်သေဆုံးပါသည်။

ဆုံဆို့နာသည် လည်ချောင်းအနောက်တွင် ထူထပ်သော အမြှေးပုံးအုပ်စေပါသည်။

- အသက်ရှူပြဿနာ၊ အကြောသေ၊ နှလုံးသွေး ရပ်ခြင်းများ ဖြစ်ပြီး သေဆုံးစေနိုင်ပါသည်။

ကြက်ညာချောင်းဆိုးရောဂါ အခိုက်အတန့်ကာလ တစ်ခုအတွင်း ပြင်းထန်စွာ ချောင်းဆိုးစေပြီး ၎င်းကြောင့် အသက်ရှူအခက်အခဲ၊ အော့အန်ခြင်းနှင့် ကောင်းစွာမအိပ်နိုင်ခြင်းများ ဖြစ်စေပါသည်။

- ထို့အပြင် ကိုယ်အလေးချိန် လျော့နည်းခြင်း၊ ဆီးဝမ်း မထိန်းနိုင်ခြင်းနှင့် နံရိုးကျိုးအက်ခြင်းများလည်း ဖြစ်ပွားစေပါသည်။ ကြက်ညာချောင်းဆိုးဖြစ်သူ ဆယ်ကျော်သက် အယောက် ၁၀၀ တွင် ၂ ယောက် အထိနှင့် အရွယ်ရောက်သူ အယောက် ၁၀၀ တွင် ၅ ယောက်အထိ ဆေးရုံတက်ကုကြသည်။ သို့မဟုတ် ၎င်းရောဂါကုနေစဉ် ရောဂါများ ထပ်တိုးလာပြီး ၎င်းတို့အထဲတွင် အဆုတ်အေးဖိရောဂါ သို့မဟုတ် သေဆုံးခြင်းတို့ ပါဝင်နိုင်ပါသည်။

၎င်းရောဂါများသည် ဘက်တီးရီးယား ပိုးများကြောင့် ဖြစ်ပွားရခြင်း ဖြစ်ပါသည်။ ဆုံဆို့နာနှင့် ကြက်ညာချောင်းဆိုးရောဂါတို့သည် ချောင်းဆိုးခြင်း သို့မဟုတ် နှာချေခြင်းမှတစ်ဆင့် လူတစ်ဦးမှာ တစ်ဦးသို့ ကူးစက်ပြန့်ပွားပါသည်။ မေးခိုင်ရောဂါသည် ထိရှမိခြင်း၊ ကုတ်ခြစ်ခြင်း၊ သို့မဟုတ် အနာများတစ်ဆင့် ကိုယ်ခန္ဓာအတွင်းသို့ ဝင်ရောက်ပါသည်။

အမေရိကန်ပြည်ထောင်စုတွင် ကာကွယ်ဆေးများ မပေါ်မီ ဆုံဆို့နာနှင့် ကြက်ညာချောင်းဆိုး ရောဂါသည်ပေါင်း တစ်နှစ်လျှင် ၂၀၀၀၀၀ အထိရှိပြီး ရာပေါင်းများစွာသောလူများ မေးခိုင်ရောဂါ ဖြစ်ကြပါသည်။ ကာကွယ်ဆေးထိုးနှံမှု စတင်ချိန်ကတည်းက မေးခိုင်နှင့် ဆုံဆို့နာရောဂါသည် ၉၉% အထိ ကျဆင်းသွားပြီး ကြက်ညာချောင်းဆိုး ရောဂါသည် ၈၀% လောက် ကျဆင်းသွားခဲ့သည်။

2 တီဒပ်ကာကွယ်ဆေး

တီဒပ်ကာကွယ်ဆေးသည် ဆယ်ကျော်သက်များနှင့် အရွယ်ရောက်သူများအား မေးခိုင်၊ ဆုံဆို့နာနှင့် ကြက်ညာချောင်းဆို ရောဂါများမှ ကာကွယ်နိုင်ပါသည်။ တီဒပ် တစ်ခါထိုး ဆေးပမာဏအား ပုံမှန်အားဖြင့် အသက် ၁၁ နှစ် သို့မဟုတ် ၁၂ နှစ်တွင် ထိုးပေးလေ့ရှိပါသည်။ ၄င်းအရွယ်တွင် တီဒပ် မထိုးခဲ့ သူများက ဆေးအမြန်ဆုံး ထိုးရပါမည်။

တီဒပ်က ကျန်းမာရေး စောင့်ရှောက်သူများ၊ ၁၂ လ အောက် ကလေးငယ်များနှင့် ထိတွေ့မှု ရှိသူများအတွက် အထူးသဖြင့် အရေးကြီးပါသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်သည့် *အခါတိုင်း* မွေးလာမည့် ရင်သွေးငယ်အား ကာကွယ်ရန် တီဒပ် တစ်ခါထိုး ဆေးပမာဏ ထိုးထားရပါမည်။ ကြက်ညာချောင်းဆိုးရောဂါကြောင့် မွေးကင်းစ ကလေးငယ်များတွင် ကြီးလေးပြီး အသက်အန္တရာယ် ရှိသည့် ရောဂါများ ထပ်တိုးလာရန် အန္တရာယ် အများဆုံးရှိပါသည်။

တီဒီခေါ် အလားတူကာကွယ်ဆေးက မေးခိုင်နှင့် ဆုံဆို့နာ ရောဂါများကို ကာကွယ်သော်လည်း ကြက်ညာချောင်းဆိုးရောဂါကိုမူ မကာကွယ်ပါ။ တီဒီအားဖြည့်ဆေးအား ၁၀ နှစ် တစ်ခါပေးရပါမယ်။ တစ်ခါထိုးဆေးပမာဏ မထိုးရသေးပါက တီဒပ်အား အားဖြည့်ဆေးတစ်ခုအဖြစ် ပေးနိုင်ပါသည်။ အကြီးအကျယ် လိုးမိရှမိပြီး သို့မဟုတ် အကြီးအကျယ် မီးလောင်ပြီးနောက်ပိုင်းတွင်လည်း မေးခိုင်ရောဂါပိုးမှ ကာကွယ်ရန် တီဒပ်အား ပေးနိုင်ပါသည်။

သင့်ဆရာဝန်က သင့်ကို နောက်ထပ် အချက်အလက်များ ပေးနိုင်ပါသည်။

တီဒပ်အား အခြားကာကွယ်ဆေးများနှင့် တစ်ပြိုင်နက် အန္တရာယ်ကင်းစွာ ပေးနိုင်ပါသည်။

3 အချို့သောသူများ ဤကာကွယ်ဆေး မထိုးရပါ။

- မေးခိုင်၊ ဆုံဆို့နာ သို့မဟုတ် ကာကွယ်ဆေးပါသည့် ကြက်ညာချောင်းဆိုးရောဂါ တစ်ကြိမ်ပေး ပမာဏ ရရှိပြီးနောက် သင့်တွင် အသက်အန္တရာယ်ရှိသည့် ဓာတ်မတည့်မှု ကြုံဖူးလျှင် သို့မဟုတ် ဤကာကွယ်ဆေး၏ အစိတ်အပိုင်းတစ်ခုခုနှင့် အကြီးအကျယ် ဓာတ်မတည့်မှု ရှိပါက တီဒပ်ကာကွယ်ဆေး မထိုးရပါ။ သင့်တွင် ကြီးလေးသည့် ဓာတ်မတည့်မှုများရှိပါက သင့်ဆရာဝန်အား ပြောပြပါ။
- ဒီတီပီ သို့မဟုတ် ဒီတပ်အား ကလေးဘဝ တစ်ကြိမ်ပေးပမာဏ ရရှိပြီးနောက် ၇ ရက်အတွင်း မေ့မြောခြင်း သို့မဟုတ် ကြာရှည်စွာ သို့မဟုတ် အကြိမ်များစွာ အကြောဆွဲတက်ခဲ့သော် ထိုသို့ဖြစ်ရခြင်း အကြောင်းရင်းမှာ ကာကွယ်ဆေးကြောင့် ဖြစ်ပါက တီဒပ်မထိုးရပါ။ တီဒီကိုတော့ သင်ထိုးနိုင်ပါသေးသည်။
- အကယ်၍သင်သည်
  - ဝက်ရူးပြန်ရောဂါ သို့မဟုတ် အာရုံကြောစနစ်ပြဿနာ တခြားတစ်မျိုး ရှိခဲ့လျှင်၊
  - ဆုံဆို့နာ၊ မေးခိုင် သို့မဟုတ် ကြက်ညာချောင်းဆိုး ကာကွယ်ဆေးတစ်မျိုးမျိုး ထိုးပြီးချိန် အကြီးအကျယ် နာကျင်မှု သို့မဟုတ် ရောင်ရမ်းမှုဖြစ်လျှင်
  - ဂျီယွန်းဘရေး ရောဂါ (ဂျီဘီအက်စ်) ရောဂါ ရှိဖူးလျှင်၊
  - ဆေးထိုးမည့်နေ့တွင် နေမကောင်းပါက သင့်ဆရာဝန်နှင့် ပြောဆိုဆွေးနွေးပါ။

U.S. Department of Health and Human Services
Centers for Disease Control and Prevention

4 ကာကွယ်ဆေး တုံ့ပြန်မှု အန္တရာယ်များ

ကာကွယ်ဆေးများအပါအဝင် မည်သည့်ဆေးမဆို ဘေးထွက်ဆိုးကျိုးများ ဖြစ်နိုင်ချေ ရှိပါသည်။ သာမန်အားဖြင့် ယင်း ဘေးထွက်ဆိုးကျိုးများမှာ အလိုအလျောက် ပျောက်ကင်းသွားသော်လည်း ကြီးလေးသည့် တုံ့ပြန်မှုများလည်း ဖြစ်နိုင်ပါသည်။

ကာကွယ်ဆေးထိုးပြီးနောက် အချိန်တို့ **သတိလစ်ခြင်းများ ဖြစ်နိုင်ပြီး** လဲကျခြင်းကြောင့် ထိခိုက်ဒဏ်ရာများ ရနိုင်ပါသည်။ ၁၅ မိနစ်ခန့် ထိုင်နေခြင်း၊ လဲလျောင်းခြင်းများ ပြုပါက ယင်းသို့မဖြစ်ရန် အထောက်အကူ ပြုပါသည်။ သင် ခေါင်းမူးလျှင် သို့မဟုတ် ရီဝေတိုဖြစ်လျှင် သို့မဟုတ် အမြင်အာရုံ အပြောင်းအလဲဖြစ်လျှင် သို့မဟုတ် နားအူလျှင် သင့်ဆရာဝန်အား ပြောပြပါ။

တီဒပ်ကာကွယ်ဆေးထိုးပြီးနောက် ပြင်းထန်ခြင်း မရှိသည့် ပြဿနာများ *(လှုပ်ရှားဆောင်ရွက်မှုများအပေါ် အနှောင့်အယှက် မဖြစ်ပါ)*

- ကာကွယ်ဆေးထိုးထားသည့်နေရာတွင် နာကျင်ခြင်း (ဆယ်ကျော်သက်အရွယ် ၄ ဦးတွင် ၃ ဦးခန့် သို့မဟုတ် အရွယ်ရောက်သူ ၃ ဦးတွင် ၂ ဦးခန့်)
- ကာကွယ်ဆေးထိုးထားသည့်နေရာတွင် နီခြင်း သို့မဟုတ် ရောင်ရမ်းခြင်း (၅ ဦးတွင် ၁ ဦးခန့်)
- အနည်းဆုံးအပူချိန် ၁၀၀.၄ ဒီဂရီ ဖာရင်ဟိုက်ဖြင့် အဖျားအနည်းငယ် (ဆယ်ကျော်သက် ၂၅ ဦးတွင် ၁ ဦး သို့မဟုတ် အရွယ်ရောက်သူ အရောက် ၁၀၀ တွင် ၁ ဦးခန့်အထိ)
- ခေါင်းကိုက်ခြင်း (လူ ၁၀ ဦးတွင် ၃ ဦး ၄ ဦးခန့်)
- မောပန်းခြင်း (လူ ၃ ဦး ၄ ဦးတွင် ၁ ဦးခန့်)
- ပျို့ခြင်း၊ အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်း (ဆယ်ကျော်သက် ၄ ဦးတွင် ၁ ဦး သို့မဟုတ် အရွယ်ရောက်သူ ၁၀ ဦးတွင် ၁ ဦး အထိ)
- အချမ်းထခြင်း၊ ကိုယ်ခန္ဓာကိုက်ခဲခြင်း၊ အဆစ်အမြစ် နာကျင်ခြင်း၊ အရေပြားပေါ်တွင် အနီရောင် အဖုအပိန့်များ ထွက်ခြင်း၊ အကျိတ်များ ရောင်ရမ်းခြင်း (ဖြစ်ခဲသည်)

တီဒပ်ထိုးပြီးနောက် အသင့်အတင့် ဖြစ်သည့် ပြဿနာများ *(လှုပ်ရှားဆောင်ရွက်မှုများအပေါ် အနှောင့်အယှက် ဖြစ်သော်လည်း ဆေးကုရန် မလိုပါ)*

- ကာကွယ်ဆေးထိုးထားသည့်နေရာတွင် နာကျင်ခြင်း (ဆယ်ကျော်သက် ၅ ဦးတွင် ၁ ဦးခန့် သို့မဟုတ် အရွယ်ရောက်သူ အယောက် ၁၀၀ တွင် ၁ ဦး ခန့်)
- ဆေးထိုးသည့်နေရာတွင် နီမြန်းခြင်း သို့မဟုတ် ရောင်ရမ်းခြင်း (ဆယ်ကျော်သက် ၁၆ ဦးတွင် ၁ ဦး ခန့် သို့မဟုတ် အရွယ်ရောက်သူ ၂၅ ဦးတွင် ၁ ဦးခန့်)
- အဖျား ၁၀.၂ ဒီဂရီ ဖာရင်ဟိုက်ကျော် (ဆယ်ကျော်သက် အယောက် ၁၀၀ တွင် ၁ ဦးခန့် သို့မဟုတ် အရွယ်ရောက်သူ အယောက် ၂၅၀ တွင် ၁ ဦးခန့်)
- ခေါင်းကိုက်ခြင်း (ဆယ်ကျော်သက် အယောက် ၂၀ တွင် ၃ ဦးခန့် သို့မဟုတ် အရွယ်ရောက်သူ ၁၀ ဦး တွင် ၁ ဦးခန့်)
- ပျို့ခြင်း၊ အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်း (လူအယောက် ၁၀၀ တွင် ၁ ဦး သို့မဟုတ် ၃ ဦးခန့်)
- ဆေးထိုးသည့် လက်မောင်းတစ်ခုလုံး ရောင်ရမ်းခြင်း (လူအယောက် ၁၀၀ တွင် ၃ ဦးခန့်)။

တီဒပ်ကာကွယ်ဆေးထိုးပြီးနောက် ကြီးလေးသည့် ပြဿနာများ *(သာမန်လှုပ်ရှားဆောင်ရွက်မှုများ မလုပ်ကိုင်နိုင်ခြင်း၊ ဆေးဝါးကုသရန် လိုအပ်ခြင်း)*

- ဆေးထိုးသည့်နေရာတွင် ရောင်ရမ်းခြင်း၊ အလွန်အမင်း နာကျင်ခြင်း၊ သွေးထွက်ခြင်းနှင့် နီမြန်းခြင်း (ဖြစ်ခဲသည်)။

မည်သည့်ကာကွယ်ဆေးမဆို ထိုးပြီးနောက် အကြီးအကျယ် ဓာတ်မတည့်မှု ဖြစ်နိုင်သည် (ဆေးထိုးကြိမ်ရေ တစ်သန်းတွင် ၁ ကြိမ်အောက်ဟု ခန့်မှန်းပါသည်)။

5 ကြီးလေးသည့် တုံ့ပြန်မှုရှိခဲ့သော် မည်သို့ပြုရမည်နည်း။

ကျွန်ုပ် မည်သည့်အရာကို သတိထား ကြည့်နေရမည်နည်း။

- အကြီးအကျယ် ဓာတ်မတည့်မှု၊ ကိုယ်အပူချိန် အရမ်းမြင့်ခြင်း၊ သို့မဟုတ် အပြုအမူပြောင်းခြင်းကဲ့သို့ လက္ခဏာများကဲ့သို့ သင်စိုးရိမ်စေသည့် အရာများကို သတိထားကြည့်နေပါ။

  ကြီးလေးသော ဓာတ်မတည့်မှု လက္ခဏာများတွင် အင်ပျဉ်ထခြင်း၊ မျက်နှာနှင့် လည်ချောင်း ရောင်ရမ်းခြင်း၊ အသက်ရှူရန် ခက်ခဲခြင်း၊ နှလုံးခုန် မြန်ခြင်း၊ ခေါင်းမူးခြင်းနှင့် အားနည်းခြင်းများ ပါဝင်နိုင်ပါသည်။ ၄င်းတို့မှာ ကာကွယ်ဆေးထိုးပြီး မိနစ်အနည်းငယ်မှ နာရီအနည်းငယ်အတွင်း စတင်ဖြစ်ပေါ်ပါမည်။

ကျွန်ုပ်မည်သည့်အရာ လုပ်ဆောင်ရမည်နည်း။

- ကြီးလေးသည့် ဓာတ်မတည့်မှု သို့မဟုတ် စောင့်ဆိုင်းနိုင်ခြင်း မရှိသည့် အခြားအရေးပေါ် တစ်ခုခု သင်ထင်ပါက ၉-၁-၁ ကိုဆက်ပါ။ သို့မဟုတ် ထိုသူကို အနီးဆုံး ဆေးရုံသို့ ခေါ်သွားပါ။ သို့မဟုတ်ပါက သင့်ဆရာဝန်ကို ဖုန်းဆက်ပါ။
- ထို့နောက် ကာကွယ်ဆေးဆိုင်ရာ ဘေးဥပဒ်ဖြစ်သည့် အဖြစ်အပျက် အစီရင်ခံစနစ် (ဗီအေအီးအာရ်အက်စ်) ကို ဤတုံ့ပြန်မှုအကြောင်း အစီရင်ခံရပါမည်။ သင့်ဆရာဝန်က ဤအစီရင်ခံချက် ပြုလုပ်နိုင်သည်။ သို့မဟုတ် သင်ကိုယ်တိုင် ဗီအေအီးအာရ်အက်စ် ဝက်ဆိုက် **www.vaers.hhs.gov** တွင် အစီရင်ခံနိုင်သည်။ သို့မဟုတ် **1-800-822-7967** ကို ဖုန်းဆက်၍ အစီရင်ခံနိုင်ပါသည်။

ဗီအေအီးအာရ်အက်စ်သည် တုံ့ပြန်မှုများကို အစီရင်ခံရန်သာ ဖြစ်ပါသည်။ ကျန်းမာရေးဆိုင်ရာ အကြံပြုချက် မပေးပါ။

6 နိုင်ငံတော် ကာကွယ်ဆေးကြောင့် ထိခိုက်မှု လျော်ကြေး အစီအစဉ်

နိုင်ငံတော် ကာကွယ်ဆေးကြောင့် ထိခိုက်မှု လျော်ကြေး အစီအစဉ် (ဗီအိုင်စီပီ) သည် ကာကွယ်ဆေးအချို့ကြောင့် ထိခိုက်သွားနိုင်ခဲ့သူများအား အလျော်ပေးရန် ဖန်တီးထားသည့် နိုင်ငံတော် အစီအစဉ်တစ်ရပ် ဖြစ်ပါသည်။

ကာကွယ်ဆေးတစ်ခုကြောင့် ထိခိုက်သွားခဲ့သည်ဟု ယူဆသူများမှ ဤအစီအစဉ်အကြောင်းနှင့် တောင်းဆိုမှုပြုလုပ်ခြင်းအကြောင်း သိလိုပါက **1-800-338-2382** ကို ဖုန်းဆက်နိုင်ပါသည်။ သို့မဟုတ် ဗီအိုင်စီပီ ဝက်ဆိုက် **www.hrsa.gov/vaccinecompensation** တွင် ဖတ်နိုင်ပါသည်။

7 ပိုမိုသိလိုပါက မည်သို့လုပ်ဆောင်ရမည်နည်း။

- သင့်ဆရာဝန်အား မေးပါ။ 1-888-767-4687
- သင့်ဒေသခံ သို့မဟုတ် ပြည်နယ် ကျန်းမာရေးဌာနကို ဖုန်းဆက်ပါ။
- ရောဂါ ထိန်းချုပ်ရေးနှင့် ကြိုတင်ကာကွယ်ရေး ဗဟိုဌာန (စီဒီစီ) ကို
  - **1-800-232-4636 (1-800-CDC-INFO)** တွင်ဆက်ပါ။ သို့မဟုတ်
  - စီဒီစီ ဝက်ဆိုက် **www.cdc.gov/vaccines** တွင် ဖတ်နိုင်ပါသည်။

Vaccine Information Statement (Interim)

Tdap Vaccine

Office Use Only

5/9/2013 Burmese

42 U.S.C. § 300aa-26

Translation provided by the Immunization Action Coalition

DCH-1281BU
AUTH: P.H.S., Act 42, Sect. 2126.

ကာကွယ်ဆေးထိုးထားတဲ့အခြေအနေ၊ ကာကွယ်ဆေး စီစစ်ချက်နဲ့ နောင်မှာ ကာကွယ်ဆေးထိုးသင့်တဲ့အချိန်တို့ကို ဆရာဝန်(တွေ)က တိတိကျကျရနိုင်အောင် (Michigan Care Improvement Registry) မစ်ရှီဂင် ကုသမှု တိုးတက်ကောင်းမွန်ရေး စာရင်းကို အချက်အလက်တွေ ပို့လိုက်ပါမယ်။
ကာကွယ်ဆေးဆိုင်ရာ အချက်အလက်တွေကို ဒီစာရင်းကို ပို့မပေးဖို့ ဆရာဝန်တွေကို တောင်းဆိုပိုင်ခွင့် လူပုဂ္ဂိုလ်တွေမှာ ရှိပါတယ်။